စိုက်ပျိုးရေးလုပ်ငန်းတခုတွင် အလုပ်လုပ်နေသည့် မြန်မာရွှေပြောင်းအလုပ်သမားတစ်ဦး၏ပုံရိပ် (ပုံ – MMN/John Hulme)

ထိုင်းနိုင်ငံရှိရွှေပြောင်းစိုက်ပျိုးရေးလုပ်သားများ – အစီရင်ခံစာအကျဉ်းချုပ် နှင့် အကြံပြုတိုက်တွန်းချက်များ

မဲခေါင်ရွှေပြောင်းသွားလာခြင်းဆိုင်ရာကွန်ယက် (MMN) အကြောင်း

MMN ကို ၂၀၀၃ ခုနှစ်တွင် တရားဝင်ဟောင်ကောင်အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) အာရှ ရွှေပြောင်းအလုပ်သမားစင်တာအဖြင့်စတင်တည်ထောင်ခဲ့သည်။ MMN သည် ဒေသခွဲကွန်ယက်တစ်ခုအနေဖြင့် လက်ရှိတွင် အဖွဲ့ဝင် ၄၀ ကျော်ပါဝင်သည့် GMS အနှံ့အပြားရှိရွှေပြောင်းအလုပ်သမား အထောက်အကူပြုအဖွဲ့အစည်းများ၊ အခြေခံလူထုလှုပ်ရှားမှုများနှင့် သုတေသနဌာနများ ဖြင့်ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ ရွှေပြောင်းအလုပ်သမားများနှင့် ၄င်းတို့၏ မိသားစုအခွင့်အရေးများအား ကာကွယ် မြှင့်တင်ရန်အတွက် ဗျူဟာမြောက်စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပူးပေါင်းသုတေသနများ ကို အတူတကွပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ MMN သည် ရွှေပြောင်းအလုပ်သမားများ အတွက်လူသားအခြင်းခြင်းနားလည်မှု၊ တစ်ရားမျှတမှုနှင့် ရွှေပြောင်းအလုပ်သမားများ၏ အလုပ်ခွင်များတွင် ကွဲခြားဆက်ဆံမှုများကင်းလွတ်ရန်အတွက် လုပ်ဆောင်ပေးရန်ကတိကဝတ်များ ပြုထားသည်။ MMN နှင့် စပ်လျဉ်းသော အသေးစိတ်အချက်အလက်များပိုမိုသိရှိလိုပါက **www.mekongmigration.org** ၌ ဝင်ရောက်လေ့လာနိုင်ပါသည်။

နောက်ခံသမိုင်း

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် မဟာမဲခေါင်ဒေသခွဲ (GMS) ရှိ အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်း လုပ်သားများအား မှီခိုအားထားနေသည်မှာ အချိန်ကာလအားဖြင့် ကြာပြီဖြစ်သည်။ လက်ရှိနှစ်များ အတွင်း ထိုင်းနိုင်ငံ၏ ကျေးလက်နေသူများ မြို့ပြများသို့ ပြောင်းရွှေ့ အလုပ်လုပ်ကိုင်ကြသဖြင့် ဤမှီခို အားထားမှုသည် ပိုမိုမြင့်တက်လာသည်။ အုံကြွစရာကောင်းသည်မှာ ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် လာရောက်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားဦးရေ တိုးလာနေသော်လည်း ထိုအုပ်စုအတွက် လေ့လာ ထားသော လက်ရှိ ရှိနေသည့် သုတေသနများမှာ အကန့်အသတ်ဖြင့်သာဖြစ်သည်။ ၎င်းအခြေအနေများအား ရံဖန်ရံခါ သတိမမူမိကြသည့် ဤအုပ်စု၏ လိုအပ်ချက်များအား ပိုမိုနားလည်ရန်မှာလည်း လိုအပ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဏ္ဍအတွင်း၌ ဖြစ်ပေါ်နေသည့် နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ အလွဲသုံးစားပြုခံရခြင်း၊ နှင့် အခြားသော ချိုးဖောက်မှုများအပေါ် လုံလောက်သော အကာအကွယ်များ သူတို့မရရှိသည့် အန္တရာယ် ရှိနေခြင်းဖြစ်သည်။

၂၀၁၇ခုနှစ်မှ ၂၀၁၉ခုနှစ်အတွင်းတွင် အရပ်ဘက်အဖွဲ့အစည်းများ CSOs ပါဝင်သည့် ဒေသခွဲ ကွန်ရက်ဖြစ်သည့် မဲခေါင်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကွန်ရက်မှ ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသည့် ကမ္ဘောဒီးယား နှင့် မြန်မာတို့မှ ရွှေ့ပြောင်းလုပ်သားများ၏ လူနေမှု နှင့် လုပ်ငန်းခွင် အခြေအနေများ ကို အဓိကထား ပူးပေါင်းလေ့လာ သုတေသန စီမံကိန်းအား ဆောင်ရွက်ခဲ့ကြပါသည်။ ပြောင်း၊ ပီလောပီနံ၊ ဆီအုန်း နှင့် ရော်ဘာစိုက်ပျိုးရေးများအား အဓိကအာရုံစိုက်ထားသည့် ဤသုတေသနသည် ၎င်းတို့၏အခြေအနေများ နှင့် ရှိထားပြီး ကာကွယ်စောင့်ရှောက်ရေးယန္တရားများ၏ လစ်ဟာချက်များကို မီးမောင်းထိုးပြထားပါသည်။

မြေပြင်အခြေအနေများအပေါ် ကျယ်ကျယ်ပြန့်ပြန့် အတွေ့အကြုံရှိထားပြီးဖြစ်သည့် MMN ၏ မိတ်ဖက်များနှင့် အတူပူးပေါင်း ရေးဆွဲထားသည့် သုတေသန ပုံစံအား အသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍမှ ရွှေ့ပြောင်းလုပ်သားများ အပေါ် အကျိုးသက်ရောက်နေသည့် အဓိက အချက်နှစ်ခုအား လေ့လာခဲ့ကြပါသည်။ ပထမအနေဖြင့် ထိုင်းနိုင်ငံ အလုပ်ဥပဒေအောက်တွင် ရရှိသည့် အခွင့်အရေးများမှ ကာလရှည်ကြာ ချန်လှပ် ထားခံရခြင်းကြောင့်

၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အကြံပြုဆွေးနွေးပွဲ၌ စီမံကိန်းမိတ်ဖက်များ (ပုံ – Mekong Migration Network)

အလုပ်သမားအခွင့်အရေးများ အနည်းဆုံးရနေခြင်း နှင့် ယေဘုယျအားဖြင့် စည်းကြပ်သည့် စည်းမျဉ်း စည်းကမ်းများ မရှိခြင်း၊ ဒုတိယအနေဖြင့် ၎င်းတို့သည် ပထဝီဝင်အနေအထားအရ ဝေးလံခေါင်ဖျား သော နေရာများတွင် တသီးတသန့်နေကြရသည့်အတွက် လူမှုရေးရာတွင် ချန်လှပ်ထားခံရခြင်းကို အားပေးသကဲ့သို့ ဖြစ်နေခြင်းနှင့် ကျန်းမာရေး၊ ပညာရေး၊ အစိုးရဝန်ဆောင်မှုများ နှင့် NGOများမှ အထောက်အပံ့များရရှိမှု နှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းအတွင်း ပေါင်းစည်းဝင်ဆံ့မှုများတွင်အဟန့်အတားများ ကိုပါဖြစ်ပေါ်စေသည်။ မိမိတို့မှ ဤကိစ္စရပ်နှစ်ခုသည် ရွှေပြောင်းလုပ်သားများ၏ အလုပ်သမား ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရစေရန် ပိုမိုတွန်းပို့နေသည့် အားနည်းချက်များအဖြစ် ယူဆထားခဲ့ပါသည်။

ထိုအခြေခံအကြောင်းအချက်များအား ထည့်သွင်းစဉ်းစားသုံးသပ်လျက် အောက်ပါအကြောင်းကိစ္စရပ်များကို ပိုမိုလေ့လာသိရှိနိုင်ရန် သုတေသနမေးခွန်းအချို့ကို ဝိုင်းဝန်းရေးဆွဲခဲ့ပါသည်။

၁) ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအတွင်း ရွှေပြောင်းလုပ်သားများ၏ နေထိုင်ခဲ့သည့် အတွေ့အကြုံများက ဘာတွေဖြစ်ပါသလဲ။

၂) စိုက်ပျိုးရေးကဏ္ဍမှ ရွှေပြောင်းလုပ်သားများအတွက် လက်ရှိတွင် ရှိထားသည့် မူဝါဒ နှင့် အကာအကွယ်ပေးရေးယန္တရားများက ဘာတွေပါလဲ၊ ထိုအရာများကို မည်သို့အကောင်အထည် ဖော်ဆောင်ရွက်နေပါသလဲ။

၃) မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများတွင် မည်သည့် လစ်ဟာချက်များရှိနေပါသလဲ။

၄) လူမှုရေးရာ ပေါင်းစည်းပါဝင်ခွင့်၊ အလုပ်သမား အခွင့်အရေးများ၊ အထောက်အထား၊ လူမှုရေးရာ ဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း၊ တရားမျှတမှုကို လက်လှမ်းမီခြင်း နှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့နှင့် ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍမှ ရွှေပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ လိုအပ်နေသည့် အရာများက ဘာတွေပါလဲ။

နည်းစနစ်

အထက်ပါ သုတေသန မေးခွန်းများအား အဖြေရှာနိုင်ရန်အတွက် နည်းလမ်းစုံဖြင့် ပူးပေါင်းအဖြေရှာ ဆောင်ရွက်နည်းများကို အသုံးပြုခဲ့ပါသည်။ အဓိက သုတေသန နည်းစနစ်များတွင် ကျယ်ပြန့်သည့် စားပွဲတင်သုတေသနပြုခြင်းကိုလည်း ပေါင်းစပ်ခဲ့ပါသည်။ အဓိက သုတေသနနည်းစနစ်များတွင် ထိုင်းနိုင်ငံတွင် လက်ရှိလုပ်ကိုင်နေကြသည့် စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများ အပါအဝင် ထိုင်းနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်ဖူးသည့် ကမ္ဘောဒီးယား နှင့် မြန်မာရှိနေရပ်ပြန် ရွှေပြောင်းလုပ်သားများထံမှ ကောက်ခံထားသည့် စစ်တမ်းများ၊ ရွှေပြောင်းလုပ်သားများ၏ မိသားစုဝင်များ၊ အလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများ၊ အစိုးရအရာရှိများ၊ ခြံ/ယာပိုင်ရှင်များ နှင့် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) နှင့် တွေ့ဆုံမေးမြန်းချက်များ၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးခြင်းများ (FDGs)၊ စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများနှင့် အသေးစိတ် တစ်ဦးချင်း တွေ့ဆုံမေးမြန်းချက်များကိုလည်း ပြုလုပ်ခဲ့ပါသည်။

MMN စီမံကိန်းမိတ်ဖက်များမှ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ နှင့် မြန်မာနိုင်ငံအတွင်း နေရာဒေသ ၁၀ခုတွင် စုစုပေါင်း စစ်တမ်းကောက်ခံခဲ့ကြပါသည်။ စက်တင်ဘာလ ၂၀၁၇ခုနှစ် မှ ဇန်နဝါရီလ ၂၀၁၉ခုနှစ်အတွင်း စစ်တမ်းမေးခွန်းပေါင်း ၃၂၈ခုအား ကောက်ခံခဲ့ကြပါသည်။ ဇန်နဝါရီနှင့် ဂျူလိုင် ၂၀၁၉ခုနှစ်အတွင်းတွင် အဓိကသတင်းအချက်အလက်ပေး တွေ့ဆုံမေးမြန်းချက်များအား ရွှေပြောင်းမိသားစုဝင် ကိုးဦး၊ အစိုးရအရာရှိ ကိုးဦး၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် ရှစ်ဦး၊ အလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီ လေးခု နှင့် ထိုင်းနိုင်ငံမှ အလုပ်ရှင် သို့မဟုတ် ခြံ/ယာပိုင်ရှင် ခုနှစ်ဦးနှင့် ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများ၊ နေရပ်ပြန်များနှင့် FGD ၁၂ကြိမ် နှင့် အသေးစိတ် တစ်ဦးချင်း တွေ့ဆုံမေးမြန်းခြင်း ၃၃ခုအား ဂျူလိုင် နှင့် ဩဂုတ်လ ၂၀၁၉ခုနှစ်အတွင်းတွင် ပြုလုပ်ခဲ့ပါသည်။

စီမံကိန်းတောက်လျှောက်တွင် MMN စီမံကိန်းမိတ်ဖက်များနှင့် ပုံမှန် ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူပြီး အတူတကွ သုတေသနဒီဇိုင်းဆွဲခြင်း၊ သုတေသနမေးခွန်းများအား ဘာသာစကား လေးမျိုးဖြင့် ရေးဆွဲခြင်း နှင့် သုတေသနတွေ့ရှိချက်များအား အမှန်တကယ် အလုပ်ဖြစ်သည့် အကြံပြုချက်များ ဖော်ထုတ်ခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။ MMN ၏ အခွင့်အရေးအခြေပြု စစ်တမ်းကောက်ခံခြင်းနှင့် အညီ အဓိက သတင်းအချက်အလက် ကောက်ခံခြင်းတွင် ပါဝင်သည့် စီမံကိန်းမိတ်ဖက်များအားလုံး လေ့လာမှုနှင့် သက်ဆိုင်သည့် သုတေသနကျင့်ဝတ်များ နှင့် နည်းပညာများအတွက် အထူးသင်တန်းများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ရှိချက်များ

မိမိတို့၏ သုတေသနအဓိက တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေး အထောက်အထားဆိုင်ရာ အခြေအနေ

စစ်တမ်းကောက်ခံခဲ့သည့် ရွှေပြောင်း စိုက်ပျိုးရေးလုပ်သားထက်ဝက်ကျော်မှ လက်ရှိတွင် ၎င်းတို့သည် အထောက်အထားမဲ့များဖြစ်သည်ဟု ပြောခဲ့ကြပါသည်။ တရာဝင် အထောက်အထားကိုင်နိုင်သည့်သူ အလွန်နည်းရသည့်အကြောင်းကို အဖြေရှာရာတွင် ပါဝင်ဖြေဆိုသူများ၊ ရွှေပြောင်းလုပ်သားများ၊ အစိုးရအရာရှိများ၊ နှင့် အလုပ်ရှင်များ၏ ယေဘုယျသဘောတူညီချက်သည် အခကြေးငွေ နှင့် ဆက်စပ် ကုန်ကျစရိတ်များသည် စိုက်ပျိုးရေးကဏ္ဍမှ ရွှေပြောင်းလုပ်သားများရရှိသည့် အနိမ့်ဆုံးလုပ်ခလစာ အောက်နည်းသည့် လုပ်ခနှင့် ယှဉ်လျှင် လက်လှမ်းမမီနိုင်အောင် မြင့်မားလွန်းနေခြင်းဖြစ်သည်။ တွေ့ရှိရသည့် အချက်တစ်ချက်မှာ စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများသည် အခြား များပြားလှသည့် ဆက်စပ်ကုန်ကျ စရိတ်များ နှင့် ၎င်းတို့နေထိုင်အလုပ်လုပ်သည့် ဝေးလံခေါင်သီသော စိုက်ပျိုးရေးခြံ/ယာများမှ နေ၍ အစိုးရအေဂျင်စီများထံသို့ ရောက်ရန် အချိန်နှင့် ငွေကုန်ကြေးကျပိုများခြင်းဖြစ်သည်။

လုပ်ငန်းခွင်အခြေအနေများ

ရော်ဘာခြံများတွင် အလုပ်လုပ်ကိုင်သူများသည် အလုပ်ချိန်အကြာမြင့်ဆုံးဖြစ်ပြီး ဖြေဆိုသူ ၈၇%က ရော်ဘာခြံများတွင် တစ်နေ့လျှင် အလုပ်ချိန် ၈နာရီထက်ပိုပြီး အလုပ်လုပ်ရကြောင်း နှင့် ၄၀%မှာ တစ်နေ့လျှင် အလုပ်ချိန် ၁၂နာရီကျော်ထက်ပိုသည်ဟု တွေ့ရှိရပါသည်။ ယင်းနှင့် ဆန့်ကျင်လျက် ပြောင်း၊ ပီလောပီနံ နှင့် ဆီအုန်း လုပ်သား မည်သည့် တစ်ဦးတစ်ယောက်မှ တစ်နေ့တွင် ၁၂နာရီထက်ပို အလုပ်လုပ်ရခြင်း မရှိပါ။ ဖြေဆိုသူ သုံးပုံတစ်ပုံခန့်မှ လစာဖြင့်နားရက်များ မရရှိပါဟု အခိုင်အမာပြောဆိုထားပါသည်။ ရွှေပြောင်းလုပ်သားများမှ ဖော်ပြသည်မှာ အလုပ်ရှင်များမှ ၎င်းတို့အား အလုပ်မပေးနိုင်သော အခါများတွင်သာ အနားယူကြရပြီး ထိုကာလများအတွင်း လုပ်ခလစာ ရခြင်းမရှိဘဲ ၎င်းတို့၏ စုဆောင်းငွေအပေါ်တွင်သာမှီခိုရသည်။

ရော်ဘာခြံများတွင် အလုပ်လုပ်နေသော သို့မဟုတ် အလုပ်လုပ်ခဲ့ဘူးသည့် ဖြေဆိုသူများထဲမှ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းမှ ပြောသည်မှာ ၎င်းတို့၏ လုပ်အားခသည် ရော်ဘာထွက်ရှိမှု၏ ရာခိုင်နှုန်းအပေါ် တွက်ပေးခြင်းဖြစ်သည်။ မိမိတို့၏စစ်တမ်းအရ ရော်ဘာခြံလုပ်သားအများစု ဖော်ပြသည်မှာ ရော်ဘာစေး အလေးချိန်၏ ၄၀% နှင့် ၅၀%ကို လုပ်ခလစာအဖြစ်ရရှိသည်။ ရော်ဘာခြံလုပ်သားများသည် အလုပ်ချိန် အကြာရှည် ဆုံးလုပ်ရသည်ဟု ပြောသော်ငြားလည်း ၎င်းတို့ရရှိသည့် လုပ်ခလစာသည်လည်း အမြင့်ဆုံးဖြစ်သည်။ ရော်ဘာခြံလုပ်သား ခြောက်ဆယ့်ခြောက်ရာခိုင်နှုန်းမှ ၎င်းတို့၏ တစ်လ လုပ်အားခသည် ထိုင်းဘတ် ၉၀၀၀ (ဒေါ်လာ ၂၉၈) ထက်ပိုပြီး၊ ၃၀%မှ သူတို့သည် ထိုင်းဘတ် ၄၅၀၀–၉၀၀၀ကြား (ဒေါ်လာ ၁၄၉–၂၉၈) တစ်လတွင် ရရှိသည်ဟု စစ်တမ်းကောက်ရာတွင် ပြောပြခဲ့ပါသည်။

တစ်ဖက်တွင်မူ ပြောင်းစိုက်ခင်းများတွင် အလုပ်လုပ်သည့် ၄၆% သော ရွှေပြောင်းလုပ်သားများမှာ တစ်လတွင် လုပ်အားခ ထိုင်းဘတ် ၄၅၀၀ (ဒေါ်လာ ၁၄၉) အောက်သာရရှိကြပြီး ပြောင်း၊ ပီလောပီနံ၊ နှင့် ဆီအုန်း လုပ်သားအများစုမှာ တစ်လကို ထိုင်းဘတ် ၄၅၀၀ နှင့် ၉၀၀၀ (ဒေါ်လာ ၁၄၉–၂၉၈) ကြားသာရရှိသည်။ MMN မှ စစ်တမ်းကောက်ခံမှုတွင် ပါဝင်သည့် ရွှေပြောင်းလုပ်သားများသည် စိုက်ပျိုးရေးကဏ္ဍ၏ လုပ်ခလစာများသည် စွန့်စားပြီးလုပ်ကိုင်ရခြင်း၊ အသုံးပြုလိုက်ရသည့် လုပ်အားနှင့်နှိုင်းယှဉ်ပါက နည်းသည်ဟု သုံးသပ်မိသည်။

မိမိတို့ သုတေသနမှ တွေ့ရှိရသည်မှာ စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများသည် လုပ်ခလစာမရရှိခြင်းမှစ၍ ရဲမှ ရုတ်တရက်စီးနင်းခြင်း နှင့် ခြိမ်းခြောက်ခံရခြင်းများအထိ မတူညီကွဲပြားသော အလုပ်နှင့်သက်ဆိုင်သည့် ပြဿနာများတွေ့ကြုံကြရသည်။ ၁၀%နီးပါးမှ အလုပ်လုပ်သည့် သက်တမ်းအတွင်း ရရန်ရှိသည့် လုပ်အားခများမရရှိခြင်း၊ ၈%မှ ၎င်းတို့၏ အထောက်အထားစာရွက်များ သိမ်းယူထားခံရခြင်း နှင့် ၎င်းတို့ အလုပ်ခွင်မှ သွားလာရန်ပိတ်ပင်ခံခဲ့ရခြင်းများရှိသည်ဟု အသေအချာပြောခဲ့ပါသည်။ ရွှေပြောင်းလုပ်သားများမှ ၎င်းတို့၏လိင် နှင့် နိုင်ငံသားဖြစ်မှုအပေါ် မူတည်၍ နှုတ်ဖြင့်အလွဲသုံးစားပြုခံရခြင်းများ နှင့် ခွဲခြားဆက်ဆံခံရမှု များ တွေ့ကြုံရသည်ဟု အစီရင်ခံခဲ့ပါသည်။

ဤလေ့လာမှုအတွက် အရပ်ဘက်အဖွဲ့အစည်း အများအပြား နှင့် တွေ့ဆုံမေးမြန်းရာတွင် စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများအား အကူအညီပေးနိုင်ရန် ကွင်းဆင်းသည့် လှုပ်ရှားမှုများအား လုပ်နိုင်သည့် အဖွဲ့အစည်းအလွန်နည်းပါးသည်ဟု အလေးပေးဖော်ပြခဲ့ပါသည်။ လက်လှမ်းမီစေခြင်းအား ပြဿနာ ဖြစ်စေသည်များကို မီးမောင်းထိုးပြရာတွင် ရွှေပြောင်းလုပ်သားများရှိသည့်

ယာခင်း နှင့် ခြံများသည် ပထဝီဝင်အနေအထားအရ တသီးတသန့်ဖြစ်နေခြင်း အပါအဝင် ၎င်းတို့၏ အလွန်နည်းပါးသည့် အလုပ် ပိတ်ရက်များကြောင့် ရပ်ရွာလှုပ်ရှားမှုများတွင် မပါဝင်နိုင်ခြင်းတို့ဖြစ်ပါသည်။ ရလဒ်အနေဖြင့် အလုပ်သမား အငြင်းပွါးမှုများ ဖြစ်သည့်အခါများတွင် ရံဖန်ရံခါ ဖြေရှင်းသည့် အဆင့်သို့မရောက်ခြင်း နှင့် တရားဝင် ဥပဒေစနစ်ပြင်ပမှ ရွာသူကြီးများ၏ ညှိနှိုင်းဖြေရှင်းပေးမှုကိုသာရရှိကြသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အချို့ ရွှေပြောင်းလုပ်သားများမှ မလိုလားသည့်အကျိုးဆက်များ သက်ရောက်မည်ကို စိုးရိမ်သည့်အတွက် တရားဝင်ဥပဒေစနစ်အား လက်လှမ်းမီရန် သို့အထောက်အကူရရန် ကြိုးစားခြင်းကို တွန့်ဆုတ်နေခြင်း ရှိသည်ဟုဆိုပါသည်။

လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး

စိုက်ပျိုးရေးလုပ်ငန်းသည် အန္တရာယ်များသော သဘောသဘာဝရှိသည့်အတိုင်း လေ့လာမှုတွင်ပါသည့် ရွှေပြောင်းလုပ်သားများသည် လုပ်ငန်းခွင် မတော်တဆမှုများ၊ ဓါတုဗေဒများနှင့် ထိတွေ့ရခြင်း နှင့် လုံလောက်သည့် တစ်ကိုယ်ရေအကာအကွယ်ပစ္စည်း (PPE) မရှိခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည့် ကျန်းမာရေးချို့ယွင်းရခြင်းတို့ကို စိတ်ပူပန်ရသည်ဟု ထုတ်ဖော်ပြောဆိုထားပါသည်။မိမိတို့ စစ်တမ်းရလဒ်အရ အလုပ်ရှင် များမှ ယေဘုယျအားဖြင့် PPE မထောက်ပံ့ပါဟု ဖော်ထုတ်နိုင်ခဲ့ပါသည်။ ပါဝင်သူ ၇၈.၈%မှ လည်ရှည်ဘွတ်ဖိနပ်၊ တဝက်အောက်လျော့နည်းသည့် (၄၆.၄%) မှ ရေစိုခံဦးထုပ်၊ နှင့် အချို့မှ (၃၀% အောက်လျော့နည်းသော) အကာအကွယ်အဝတ်အစား၊ ရော်ဘာလက်အိတ်၊ မျက်နှာဖုံး၊ လေ/ရေကာမျက်မှန်၊ နှင့် ရှူဖုံးခါးစည်းများကို အသုံးပြုကြပါသည်။ ဖြေဆိုသူ ရွှေပြောင်းလုပ်သားများထဲမှ ရုစ်ဆယ့်နှစ်ရာခိုင်နှုန်းမှ ၎င်းတို့သည် PPE များကို ကိုယ်ပိုင်ပိုက်ဆံဖြင့် အိတ်စိုက်ဝယ်ကြရပါသည်ဟု ပြောခဲ့ကြပါသည်။ စိုက်ပျိုးရေး ရွှေပြောင်းလုပ်သား အများအပြားသည် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အသုံးပြုရန် သင့်တော်သည့် လုံခြုံရေးဆိုင်ရာ သင်တန်းများမရရှိခြင်း၊ ရွှေပြောင်းလုပ်သားများ အသုံးပြုနေသည့် PPEများသည် ယေဘုယျအားဖြင့် ပြည့်စုံလုံလောက်မှုမရှိဘဲ သူတို့အား ကာကွယ်ရန် လုံလောက်ခြင်းမရှိဟု MMN မိတ်ဖက်အားလုံးက တွေ့ရှိကြားသိပြီးဖြစ်ပါသည်။

ဖြစ်ရပ်တော်တော်များများတွင် MMN မှ စိုက်ပျိုးရေးလုပ်ငန်းခွင် အန္တရာယ်များမှ ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်ရန်အတွက် ပြည့်စုံပြီး ပိုမိုအရည်အသွေးကောင်းမွန်သည့် (PPE) များ အသုံးပြုရန်အရေးကြီးသည်ကို ရွှေပြောင်းအလုပ်သမားများ သိရှိကြကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ငွေကြေးအခက်အခဲ နှင့် လိုအပ်သည့် ကာကွယ်ရေးပစ္စည်းများကို မရှိပါဘဲလျက် ရွှေပြောင်းလုပ်သားများက မည်သည့် အကြောင်းအရင်းများကြောင့်ယာ/ခြံများတွင်အကာအကွယ်မဲ့ဆက်လက်လုပ်ကိုင်နေကြသနည်းဆိုသည့်အချက်မှာ မကြာခဏဆိုသလို စဉ်းစားသုံးသပ်မိသည့်အချက်များဖြစ်ပါသည်။

နေရာထိုင်ခင်း အခြေအနေ၊ တသီးတသန့်ဖြစ်နေခြင်း နှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ

စစ်တမ်းတွင်ပါသည့် စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများအများအားဖြင့် (၈၃% ရာခိုင်နှုန်း)သည် ၎င်းတို့အလုပ်ရှင်မှ ပေးသည့်နေရာထိုင်ခင်းများတွင်နေကြသည်ဟုပြောထားပါသည်။ အချို့အလုပ်ရှင်များမှ မြေနေရာပေးပြီး ရွှေပြောင်းလုပ်သားများမှ မိမိနေမည့်အိမ်များကို ဆောက်ကြရသည့်အခါ ထိုအဆောက်အအုံများသည် အများအားဖြင့် အရည်အသွေး အတော်နိမ့်သည်။ မိမိသုတေသနမှ ယေဘုယျအားဖြင့် ရွှေပြောင်းလုပ်သား

ရွှေပြောင်းစိုက်ပျိုးရေးလုပ်သားများ ပိုးသတ်ဆေးဖြန်းပြီး နောက်လက်မဆေးကြောဘဲ နေ့လည်စာစားနေစဉ် (ပုံ – MAP Foundation)

ထိုင်းနိုင်ငံ၊ Surat Tani တွင် ရော်ဘာစိုက်ခင်းတစ်ခုမှ ရွှေပြောင်းလုပ်သားမိသားစု၏ မီးဖိုချောင်။ ရော်ဘာပြား များကိုခြောက်သွေ့အောင်မျက်နှာကြက်မှချိတ်ဆွဲထားသည့်ပုံရိပ်။ (ပုံ – Raks Tai Foundation)

နေရာထိုင်ခင်း အခြေအနေများသည် ကျန်းမာရေး နှင့် သန့်ရှင်းရေးအခြေအနေများ ပြည့်စုံလုံလောက်မှုမရှိသည်ကိုလည်း တွေ့ရပါသည်။ ရွှေပြောင်းလုပ်သားများ သန့်ရှင်းမှုမရှိသော အိမ်သာ စနစ်များကြောင့် မကြာခဏ ဝမ်းပျက်ဝမ်းလျှောဖြစ်ကြသည့်အတွက် အရပ်ဘက်အဖွဲ့အစည်းများ နှင့် ရွှေပြောင်းလုပ်သားများ၏ စိုးရိမ်မှုသည်လည်း မြင့်တက်လာနေပါသည်။ တသီးတသန့်ဖြစ်နေသည့် အလုပ်သမားများမှ လုယက်ခံရခြင်း ရုပ်ပိုင်းဆိုင်ရာအလွဲသုံးစားခံရခြင်းများကိုလည်း စိုးရိမ်နေကြရသည်။

ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီခြင်း

စစ်တမ်းမှ စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားခြောက်ဆယ့်တစ်ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံ၏ မဖြစ်မနေပါဝင်ရမည့် ရွှေပြောင်းအလုပ်သမား ကျန်းမာရေး အာမခံ (CMHI) တွင်ပါဝင်ကြပြီး ၆%သာ လူမှုဖူလုံရေးစနစ်တွင် (SSS) ပါဝင်ကြပါသည်။ လေးပုံတစ်ပုံ (၂၈%) သည် မည်သည့်လွှမ်းခြုံပါဝင်ခြင်းမျှမရှိဘဲ ၄၇% ရွှေပြောင်းလုပ်သားများက ၎င်းတို့၏ကလေးများသည် မည်သည့်ကျန်းမာရေးစောင့်ရှောက်မှုတွင်မှ မပါဝင်ဟု ပြောဆိုကြသည်။ အလုပ်ရှင်များသည် ရွှေပြောင်းလုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပေးချေခြင်း နှင့် အလုပ်သမားနစ်နာကြေးရန်ပုံငွေများအား ပေးသွင်းရန် ပုံမှန်အားဖြင့် ရှောင်ရှားကြသည်ဟု ရွှေပြောင်းလုပ်သားများက ပြောပါသည်။

ရွှေပြောင်းလုပ်သား မိသားစုဝင်များ

လေ့လာမှုတွင်ပါသည့် စိုက်ပျိုးရေးလုပ်သား ရွှေပြောင်းလုပ်သားမှ ၎င်းတို့သည် ထိုင်းနိုင်ငံသို့ ၎င်းတို့ မိသားစုဝင်များနှင့်အတူ ပြောင်းရွှေလာခဲ့ကြသည်ဟု ဖော်ပြခဲ့ပါသည်။ အများစုမှာ ၎င်းတို့ အိမ်ထောင်ဖက်၊ ကလေးများနှင့်ပြောင်းရွှေလာပြီး၊ ၁၀%က ၎င်းတို့ မိဘများ နှင့်/(သို့) ယောကျ်ားများ၊ ၃၀% ခန့်က ၎င်းတို့၏ မွေးချင်းများ (သို့) ခဲအို/မတ်/ခယ်မ/ယောင်းမများ နှင့် ရွှေပြောင်းလာခဲ့သည်ဟု ပြောခဲ့ပါသည်။

ခြောက်ဆယ့်ခုနစ် ရာခိုင်နှုန်းသော ဖြေဆိုသူများက ၎င်းတို့တွင် ကလေးရှိသည်ဟု ဖော်ပြခဲ့ပြီး ၈၁.၆%သောကလေးရှိသည့်သူများတွင် မှ ၎င်းတို့ ထိုင်းတွင်အလုပ်လုပ်ကိုင်နေစဉ်အတွင်း ၎င်းတို့ ကလေးများသည် ၎င်းတို့နှင့် အတူနေသည်ဟု ပြောခဲ့ပါသည်။ ကျောင်းတက်နေသည့် ကလေးအရေအတွက်သည် ထက်ဝက် အောက်သာရှိသည်။

နေရပ်ပြန်ခြင်း နှင့် ပြန်လည်ပေါင်းစည်းရေး

နေရပ်ပြန်ရောက်ချိန်၌ ၈၉%သော နေရပ်ပြန် ရွှေပြောင်းလုပ်သားများမှ ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားအဆင့် လူမှုဖူလုံရေးရန်ပုံငွေ (NSSF) သို့မဟုတ် မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးအဖွဲ့စီမံချက်များ (SSB) တွင် စာရင်းသွင်း၍မရပါဟု ဖြေကြားခဲ့ပါသည်။ နေရပ်ပြန် ဖြေဆိုသူများ၏ ၃၇%သာ ထိုင်းနိုင်ငံ သို့ ပြန်လည် ထွက်ခွာယ်ရန် (သို့) အခြားနိုင်ငံသို့ ရွှေပြောင်းရန် အစီအစဉ်ရှိသည်ဟု ဖြေဆိုခဲ့ကြသော်လည်း MMN သုတေသနမိတ်ဖက်များ၏ ရှုမြင်သုံးသပ်ချက်အရ ထို့ထက်များသော ရွှေပြောင်းလုပ်သားများသည် မူရင်း နိုင်ငံများတွင် အလုပ်အကိုင်အခွင့်အလမ်း အလွန်ရှားပါးသည့် အတွက်ကြောင့် ရလဒ်အနေဖြင့် ပြန်လည် ရွှေပြောင်းကြခြင်းဖြစ်သည်ကိုတွေ့ရသည်။

ရွှေပြောင်းအလုပ်သမားများ ကမ္ဘောဒီးယားမှ ထိုင်းနိုင်ငံ သို့ နယ်စပ်ဖြတ်ကျော်နေစဉ် (ပုံ – Mekong Migration Network/John Hulme)

အကြံပြုတိုက်တွန်းချက်များ

ဤအစီရင်ခံစာ၏နောက်ဆုံးအခန်းတွင် အကြံပြုချက်အသေးစိတ်အား ထည့်သွင်းဖော်ပြထားပါသည်။ ထိုအကြံပြုချက်များသည် ထိုင်းနိုင်ငံ တော်ဝင်အစိုးရ၊ အလုပ်ရှင်များ၊ NGOများ နှင့် မူရင်းနိုင်ငံများ၏ အစိုးရများအား ရည်ညွှန်းပါသည်။

ထိုင်းနိုင်ငံ တော်ဝင်အစိုးရထံသို့ ရည်ညွှန်းသော အကြံပြုချက်များတွင် ရွှေပြောင်းသွားလာခြင်းမူဝါဒများအား ပြန်လည်ရေးဆွဲခြင်း နှင့် မှတ်ပုံတင်/စာရင်းပေးသွင်းသည့် စနစ်များ ပိုမိုလက်လှမ်းမီစေရန်၊ ကောင်းမွန်သည့် မူဝါဒများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ခြင်းများ နှင့် လွှမ်းခြုံမှုတွင် လက်ဟာချက်များကို ဖြည့်စွက် ပေးခြင်းအားဖြင့် စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများ၏ လုပ်ငန်းခွင်အခြေအနေများ တိုးတက်စေမည့် လုပ်ငန်းစဉ်အဆင့်များချမှတ်ခြင်း၊ စံချိန်စံနှုန်းများအား တိုးမြှင့်ကြပ်မတ်ခြင်း နှင့် စစ်ဆေးခြင်းများကို တိုးတက်မြှင့်တင်ဆောင်ရွက်ခြင်းမှ တဆင့် OHS အားမြှင့်တင်ခြင်း၊ထပ်ဆောင်းအနေဖြင့် အန္တရာယ်ရှိသော စိုက်ပျိုးရေး လုပ်ငန်းသုံးဓာတုဗေဒပစ္စည်းများအား တားမြစ်ခြင်း၊ စိုက်ပျိုးရေးလုပ်သားများ၏ နေရာ ထိုင်ခင်းစံနှုန်းများအား စောင့်ကြည့်လေ့လာခြင်း၊ လက်လှမ်းမီရန်ခက်ခဲသော စိုက်ပျိုးရေးလုပ်ငန်းမှ ရွှေပြောင်းလုပ်သားများအတွက် ကျန်းမာရေးစောင့်ရှောက်ခွင့် လက်လှမ်းမီမှုကို တိုးတက်စေခြင်း နှင့် မိုခိုသူများအတွက်လည်း ပိုမို အထောက်အပံ့ပေးသည့် ပတ်ဝန်းကျင်ဖြစ်လာစေခြင်း တို့ပါဝင်ပါသည်။

အလုပ်ရှင်များထံသို့ ရည်ညွှန်းသော အကြံပြုချက်များတွင် ရွှေပြောင်းလုပ်သားများမှ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ အထောက်အထားများကို ရရှိရန် နှင့် ထိန်းသိမ်းရန် ၎င်းတို့၏ ကြိုးစားအားထုတ်ခြင်းများကို ထောက်ပံ့ ကူညီခြင်း၊ OHS အမြင့်ဆုံး စံချိန်စံနှုန်းများကို အကောင်အထည်ဖော်ဆောင်ခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် များအကြောင်း ရွှေပြောင်းလုပ်သားများအား ပညာပေးခြင်း၊ နှင့် ၎င်းတို့အား လုံလောက်ပြီး သင့်လျော်သော PPE များ၊ သင်တန်းများအား အခကြေးငွေမယူဘဲ ထောက်ပံ့ပေးခြင်း၊ ရွှေပြောင်း အလုပ်သမားများအား လုံခြုံစိတ်ချရသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီသော နေရာထိုင်ခင်းများ ပံ့ပိုးရန်၊ ရွှေပြောင်းအလုပ်သမား အားလုံးအား SSS (သို့) CMHI တွင် ပါဝင်/ထည့်ဝင်စေပြီး ဆက်စပ်ကုန်ကျစရိတ်များအတွက် တာဝန်ယူအကုန်အကျခံ ခြင်း တို့ပါဝင်ပါသည်။

မူရင်းနိုင်ငံ အစိုးရများထံသို့ ရည်ညွှန်းသော အကြံပြုချက်များတွင် ထိုင်းနိုင်ငံတော်ဝင်အစိုးရနှင့် ပူးပေါင်းကာ အပြုသဘောဆောင် အလုပ်လုပ်ခြင်းမှတဆင့် ရွှေပြောင်းသွားလာခြင်း လုပ်ငန်းစဉ်အား ရိုးရှင်းလွယ်ကူစေခြင်း နှင့် ပေးချေရသည့် ကုန်ကျစရိတ်များအား လျော့ပါးစေခြင်း၊ အလုပ်သမား သံအရာရှိများအား စိုက်ပျိုးရေး လုပ်ငန်းမှ ၎င်းတို့နိုင်ငံသား ရွှေပြောင်းလုပ်သားများထံသို့ ရောက်ရှိရန် အထောက်အပံ့များပေးခြင်း၊ NSSF နှင့် SSB လွှမ်းခြုံမှုများဆိုင်ရာ လက်ရှိအားထုတ်မှုများအား ပိုမိုတိုးမြှင့် တိုးချဲ့ခြင်း၊ လူမှုဖူလုံရေးအား လွှဲပြောင်း ရယူနိုင်ခြင်း တို့ပါဝင်ပါသည်။

NGO များထံသို့ ရည်ညွှန်းသော အကြံပြုချက်များတွင် ဝေးလံခေါင်သီသော နေရာများရှိ ရွှေပြောင်းစိုက်ပျိုးရေးလုပ်သားများသို့ ကွင်းဆင်းခြင်းများ ပိုမိုလုပ်ဆောင်ခြင်းအားဖြင့် OHS အကြောင်း အသိပညာပေးခြင်း နှင့် ပြည့်စုံလုံလောက်သည့် PPE အသုံးပြုပုံအား မြှင့်တင်ခြင်း နှင့် ဘေးအန္တရာယ်ရှိသော ပိုးသတ်ဆေးများ အသုံးပြုခြင်းအား လျှော့ချရန်/တားမြစ်ရန် စည်းရုံးလှုံ့ဆော်ခြင်းတို့ပါဝင်ပါသည်။

ရွှေပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံ၊ ဖန်ု ရှိ ဆီအုန်းအသီးများကို ကုန်တင်ကားပေါ်တင်နေစဉ် (ပုံ – Foundation of Education and Development)

ထိုင်းနိုင်ငံ၊ ဖန်ု တွင် ရွှေပြောင်းအလုပ်သမားတစ်ဦး PPE မဝတ်ဆင်ထားဘဲ ဆီအုန်းအသီးများခူးနေစဉ် (ပုံ – Foundation of Education and Development)

နိဂုံးချုပ်နှင့် အကြံပြုတိုက်တွန်းချက်များ

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍများတွင် GMS ရွှေပြောင်းလုပ်သားများ များပြားလာမှုရှိနေသော်လည်း ၄င်းတို့၏ ပံ့ပိုးမှုများမှာအသိအမှတ်ပြုမခံရခြင်းနှင့် ၄င်းတို့၏လိုအပ်တောင်းတသောအသံများကိုလည်း ဂရုပြုခံရခြင်းမရှိပေ။ ဤလေ့လာမှုသည် စိုက်ပျိုးရေးကဏ္ဍရှိရွှေပြောင်းလုပ်သားများ၏ အခြေအနေကို အာရုံစိုက်မှုပြုလာရန်အတွက်၊ ၄င်းတို့၏ အတွေ့အကြုံများကိုမီမောင်းထိုးပြခြင်းနှင့် ၄င်းတို့၏ အခွင့်အရေးနှင့်ကာကွယ်မှု များတိုးတက်စေရန် အကြံပြုချက်များပေးခြင်းဖြင့် အလေးပေးလုပ်ဆောင်ခဲ့သည်။ ဤအစီရင်ခံစာတွင်ပါဝင်သောသုတေသနမှရလဒ်အနေဖြင့်နိဂုံးစက်ညှဉ်းပန်းမှုနှင့်ခေါင်းပုံဖြတ်အမြတ်ထုတ်မှုဖြစ်စဉ်များမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်ပြီး၊ စိုက်ပျိုးရေးတွင် ရွှေပြောင်းလုပ်သားများ၏ လုပ်ကိုင်မှုနှင့် နေထိုင်မှုအခြေအနေများသည် တိုးတက်ရန်အရေးတကြီး လိုအပ်နေသည်ဟုကောက်ချက်ချထားသည်။

စစ်တမ်းကောက်ယူခဲ့သည့် ပီလောပီနံ၊ ပြောင်း၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးခြင်းတစ်လျှောက် ရွှေပြောင်းအလုပ်သမားများသည် အနိမ့်ဆုံးလုပ်ခလစာရရှိမှု၊ အလုပ်ချိန်များမှု၊ ခွဲခြားဆက်ဆံခံရမှု၊ နေရာထိုင်ခင်းမလုံလောက်မှု၊ လွတ်လပ်စွာသွားလာခွင့်ကန့်သတ်မှု (စာသင်ကျောင်း၊ ဆေးရုံ)၊ လူမှုကာကွယ်စောင့်ရှောက်ခြင်းမရှိမှု၊ PPE မလုံလောက်မှု၊ တရားဝင်တရားမျှတမှုစနစ်ကိုလက်လှမ်းမမီမှု၊ ကျေးလက်ဒေသများတွင် အနှောက်အယှက်ပြုခံရမှု စသည့် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဆိုခဲ့ကြသည်။ ထိုသို့သော ထိခိုက်မှုများသည် အခြားလုပ်ငန်းကဏ္ဍများတွင် ထိခိုက်သက်ရောက်မှုရှိနေသော်လည်း စိုက်ပျိုးရေးလုပ်သားများမှာမူ အရပ်ဝေးသောကျေးလက်ဒေသများတွင် နေထိုင်လုပ်ကိုင်နေရပြီး အစိုးရနှင့် NGO အထောက်အပံ့များ လက်လှမ်းမမီမှု အကန့်အသတ်သာရှိနေခြင်းကြောင့် ၄င်းတို့သည် ထိခိုက် ခံစားမှု အများဆုံး ခံစားရသူများဖြစ်နေပေသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်သားများသည် အခက်အခဲအတာအဆီး အမျိုးမျိုးကြောင့် စာရွက်စာတန်းအထောက်အထား မရှိသူများဖြစ်နေရပေသည်။ ပျမ်းမျှဝင်ငွေနှင့် နှိုင့်ယှဉ်လျှင် အလွန်မြင့်မားသော မှတ်ပုံတင်စရိတ်ပေးရခြင်းနှင့် စာရွက်စာတမ်းများထုတ်ပေးသည့် အစိုးရအေဂျင်စီများ သို့ရောက်ရှိရန် အခက်အခဲများရှိခြင်း စသည့် အခက်အခဲမျိုးပါဝင်ပါသည်။ ရွှေပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံအတွင်း နေထိုင်လုပ်ကိုင်ရာတွင် မည်မည်ရရ လူဝင်မှုကြီးကြပ်ရေးအထောက်အထား မရှိခြင်းကြောင့် ၄င်းတို့ လိုအပ်သောအခွင့်အရေးနှင့် ဝန်ဆောင်မှုများကို မရရှိကြပေ။

ဤသုတေသနအားဖြင့် စိုက်ပျိုးရေးကဏ္ဍမှဝန်ထမ်းအား လုံးသည် "ပုံစံတကျမဟုတ်သော/အလွတ်သဘောလုပ်ကိုင်နေသော အလုပ်သမားများ" ဖြစ်သောကြောင့်၊ ထိုင်းအလုပ်သမား ဥပဒေအရ ဥပဒေရေးရာနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအောက် အကျုံးဝင်ခံစားမှု မရရှိနိုင်ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့သည်။ MMN ၏ဥပဒေရေးရာ စီစစ်မှု အကြံပြုချက်အရ စိုက်ပျိုးရေးကဏ္ဍတွင် တစ်နှစ်ကြာ အလုပ်လုပ်ကိုင်နေသော ရွှေပြောင်းအလုပ်သမားများသည် အခြားကဏ္ဍများရှိအလုပ်သမားများ ကဲ့သို့ ဥပဒေရေးရာနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကို ခံစားခွင့်ရရှိသော အလုပ်သမားများအဖြစ် သတ်မှတ်သင့်သည်ဟု အကြံပြုခဲ့သည်။

အောက်ဖော်ပြပါ စာပိုဒ်များသည် ဤလေ့လာချက်မှ ရရှိလာသော MMN၏ အဓိကသက်ဆိုင်သူများ၏ အကြံပြုချက်များဖြစ်သည်။

ထိုင်းနိုင်ငံ၊ မဲဆောက် တွင် ရွှေပြောင်းအလုပ်သမားတစ်ဦး ပြောင်းခင်းတွင် ဓာတုဆေးများဖျန်းနေစဉ် (ပုံ – Foundation of Education and Development)

ထိုင်းနိုင်ငံ တော်ဝင်အစိုးရသို့ အကြံပြုချက်များ

အထောက်အထား စာရွက်စာတမ်းဆိုင်ရာ ကိစ္စရပ်များ

၁) ရွှေပြောင်းလုပ်သားများနှင့် ၄င်းတို့၏မိသားစုများမှ ၄င်းတို့၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေအား လွယ်ကူစွာရရှိစေရန် နှင့် ထိန်းသိမ်းနိုင်ရန် အလို့ငှါ ရွှေပြောင်းသွားလာခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစွာဖြစ်စေခြင်း နှင့် အခကြေးငွေများအား အနိမ့်ဆုံးနှုန်း ဖြစ်စေခြင်း

၂) ရွှေပြောင်းလုပ်သား အလုပ်သမားများအား မှတ်ပုံတင်ခြင်းနှင့် အလုပ်လုပ်ခွင့်လျှောက်ထားခြင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို စီစဉ်ပေးရန်။ ထိုသတင်းအချက်အလက်များကို သက်ဆိုင်ရာရွှေပြောင်းအလုပ်သမားများ၏ဘာသာစကားနှင့် ၄င်းတို့အလွယ်တကူ နားလည်နိုင်ရန်၊ နှင့်

၃) မူဝါဒများ ပိုမိုကောင်းမွန်လာအောင် ရေးဆွဲရာတွင် စိုက်ပျိုးရေးရွှေပြောင်းအလုပ်သမားများ နှင့် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) ၏ ကိုယ်စားလှယ်များဖြင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်

လုပ်ငန်းခွင်အခြေအနေများ

၁) စိုက်ပျိုးရေးကဏ္ဍမှ ရွှေပြောင်းလုပ်သားများအား ၄င်းတို့၏ အလုပ်သမား အခွင့်အရေးများ အထူးသဖြင့် အနိမ့်ဆုံးလုပ်ခလစာ နှင့် အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ် ပါက ကုစားပေးရန် ရရှိနိုင်သည့် ယန္တရားများ နှင့် ပတ်သက်ပြီး ရှင်းလင်းသည့် သတင်း အချက် အလက်များအား ထောက်ပံ့ပေးခြင်း။

၂) ရွှေပြောင်းသွားလာသူ စိုက်ပျိုးရေးလုပ်သား လူဦးရေ အများအပြား နေထိုင်သည့် နေရာများ တွင် အလုပ်သမားအကာအကွယ်ပေးရေး နှင့် လူမှုဖူလုံရေး ဌာန ရုံးများ ထူထောင် ပေးပြီး လိုအပ်သည့် ဘာသာပြန်ပေးထားမှုများအား ထိုရုံးများတွင် သေချာစွာထားရှိထားပေးရန်။

၃) ပြီးပြည့်စုံသည့် လုပ်ငန်းခွင် စစ်ဆေးရေးများ (ကြိုတင်အကြောင်းကြားခြင်း မရှိသည့် စစ်ဆေးရေးများ အပါအဝင်) အား ပုံမှန် လုပ်ဆောင်ပြီး သက်ဆိုင်သော အလုပ်သမား စည်းမျဉ်းများ စိုက်ပျိုးရေးကဏ္ဍမှ အမျိုးသား နှင့် အမျိုးသမီးများ အကြား နှင့် မတူညီသော နိုင်ငံသားများ အကြား ဖူလုံပြီး တန်းတူညီသည့် လုပ်ခလစာရရှိစေခြင်း၊ အလုပ်ချိန်နာရီများ သတ်မှတ်ထားရှိပေးခြင်း၊ အချိန်ပိုကြေးများ ရရှိခြင်း၊ လုပ်ခလစာများအား ပုံမှန် ရရှိခြင်း၊ လုပ်ငန်းခွင် မတော်တဆမှုများ အတွက် လျော်ကြေးရရှိခြင်း၊ PPE များ အလုံ အလောက် ထောက်ပံ့ဝတ်ဆင်စေခြင်း၊ ၎င်းတို့၏ လွတ်လပ် စွာ သွားလာခွင့်အား ကန့်သတ်ချုပ်ချယ် ထားခြင်းများ မရှိခြင်း၊ သက်ဆိုင်သည့် လူမှုရေးရာ အကာအကွယ် စီမံ ချက်များတွင်ပါဝင်နိုင်စေရန် စာရင်းပေးသွင်းခြင်း အပါအဝင် ကိစ္စရပ်များအား တိကျစွာ စောင့်ကြည့် လေ့လာခြင်းကို သေချာစေခြင်း။ ဤအရာများကို အလုပ်သမား စစ်ဆေးရေး အရာရှိများ တိုးမြှင့် ခန့်အပ်ထားခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် တိုင်ကြားအစီရင်ခံခြင်းစနစ်ကိုထူထောင်ပေးခြင်းဖြင့် ပိုမို ထိရောက်အောင် လုပ်ဆောင်နိုင်ပါသည်။

၄) စိုက်ပျိုးရေးကဏ္ဍ အလုပ်သမားအငြင်းပွါးမှုများအား တရားမျှတစွာ ဖြေရှင်းနိုင်ရန်အတွက် ထိရောက်မှုရှိသော တိုင်ကြားရေး ယန္တရားများအားလက်လှမ်းမီ စေခြင်းကို မြှင့်တင်ခြင်း၊

၅) စိုက်ပျိုးရေး လုပ်သားများတွင် “တစ်နှစ်ပတ်လုံး” အလုပ်လုပ်သူများ နှင့် တစ်နှစ်အောက် (သို့) “ရာသီအလိုက်” သီးနှံအလိုက် အလုပ်လုပ်သူများ အတွက်၊ လက်ရှိ ပြဋ္ဌာန်းထားသည့် ဥပဒေအရ ခွဲခြားချက်အား ပြန်လည်သုံးသပ်ပေးခြင်း။ ပြန်လည်သုံးသပ်ခြင်းအား အခြေခံ၍ အလုပ်သမားအားလုံးမှ တန်းတူအခွင့်အရေးနှင့်လူမှုကာကွယ်မှုများ သေချာစွာ အကျိုးခံစားနိုင်ရန် ခိုင်မာသည့် ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်း

၆) စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများရှိ ရွှေပြောင်းလုပ်သားများကို သမဂ္ဂများဖွဲ့စည်းရန်နှင့် သမဂ္ဂခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်ခြင်းများအား ခွင့်ပြုချက်ပေးရန်။ ILO ၏ သမဂ္ဂနှင့် သက်ဆိုင်သည့် သဘောတူညီချက်များဖြစ်သည့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စည်းရုံးခွင့်အား အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် (သို့) သဘောတူညီချက် ၁၉၄၈ခုနှစ် (အမှတ်၈၇) နှင့် စည်းရုံးခွင့် နှင့် စုပေါင်းတောင်းဆိုခွင့် အခွင့်အရေး ဆိုင်ရာ သဘောတူညီချက် ၁၉၄၉ခုနှစ် (အမှတ်၉၈) နှင့် ရွှေပြောင်းလုပ်သားများ သမဂ္ဂဖွဲ့စည်းခြင်း (သို့) သမဂ္ဂခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်ခြင်းအား ချုန်လှပ် ထားသည့် အလုပ်သမားရေးရာအက်ဥပဒေပါ လက်ရှိရှိနေသော တားမြစ်ချက် အားလုံးအား ဖယ်ရှားပေးရန်၊ နှင့်

၇) သဘောတူညီချက်များဖြစ်သည့် အလုပ်သမားစစ်ဆေးရေး (စိုက်ပျိုးရေး) သဘောတူညီချက်၊ ၁၉၆၉ (အမှတ် ၁၂၉) နှင့် စိုက်ပျိုးရေးသဘောတူညီချက်၊ ၁၉၅၈ (အမှတ် ၁၁၀) များမှ စိုက်ပျိုးရေး အလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများအား အတည်လက်မှတ်ရေးထိုးရန်။

လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး (OHS)

၁) အလုပ်ရှင်များမှ လိုအပ်ပြီး သင့်တော်သည့် PPE များ အထောက်အပံ့ပေးရန်နှင့် ၎င်းတို့ ၏ အလုပ်သမားများအား OHSနှင့်ဆိုင်သော အခမဲ့ သင်တန်းများအား ထောက်ပံ့ပေးခြင်း၊

၂) OHS ဆိုင်ရာ ဆိုးရွားသော အခြေအနေများအား ရွှေပြောင်းလုပ်သားများမှ လွယ်ကူစွာ အသုံးပြုနိုင်သည့် တိုင်ကြားရေး ယန္တရားများအား ထားရှိပေးခြင်း နှင့် သတင်းပေးသူများအား အလုပ်မှ ထုတ်ပယ်ခြင်း (သို့) လက်တုံ့ပြန်ခြင်းများ မခံရစေရန် အကာအကွယ်ပေးခြင်း

၃) အလုပ်သမား စစ်ဆေးရေးအတွက်အရင်းအမြစ်များ ပိုမိုချထားပေးခြင်း နှင့် OHS ကိုအဓိကထားပြီး OHS နှင့် PPE ကိုထိရောက်စွာ အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးစည်းရုံးလှုံ့ဆော်ရေး များပြုလုပ်ရန်။ ထိုကဲ့သို့သော အသိပညာပေးစည်းရုံးလှုံ့ဆော်မှုများတွင် အလုပ်ရှင်များ၊ ၎င်းတို့၏ အလုပ်သမားများ ဘေးကင်းလုံခြုံမှု ကိုတာဝန် ယူကာကွယ် ရန် အတွက် အန္တရာယ်ရှိသော ဓာတုပစ္စည်းဆိုင်ရာ အချက်အလက်များ နှင့်စပ်လျဉ်းသော အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များအား အလုပ်ရှင်များကို အသိပညာပေးစည်းရုံးလှုံ့ဆော်ရေး ပြုလုပ်ခြင်း၊

၄) စိုက်ပျိုးရေးကဏ္ဍတွင် ဖြစ်လေ့ရှိသည့် လုပ်ငန်းခွင်ရောဂါများအထူးသဖြင့်ပိုးသတ်ဆေးများ နှင့် အခြား ဓာတုဗေဒ ပစ္စည်းများအသုံးပြုခြင်း နှင့် လိုက်နာခြင်း ရှိမရှိကို စောင့်ကြည့်လေ့လာခြင်း များအား ပြည့်စုံသည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

၅) စိုက်ပျိုးရေးလုပ်ငန်းများတွင် လူ့ကိုယ်ခန္ဓာကို ထိခိုက်အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းအသုံးပြုခြင်းများ တားမြစ်ခြင်း သို့မဟုတ် လျှော့ချခြင်း ကိုကူညီထောက်ပံ့ပေးခြင်း၊

၆) လုပ်ငန်းခွင်မတော်တဆ ထိခိုက်ခြင်းများအတွက် ရွှေပြောင်းလုပ်သားများမှ လျော်ကြေးငွေ သေချာပေါက် ရရှိစေခြင်း၊ နှင့် စိုက်ပျိုးရေးကဏ္ဍမှ အလုပ်ရှင်များ အားလုံးအနေဖြင့် WCF ကိုပံ့ပိုးကြရန်။ ထို့အပြင် အထောက်အထားမဲ့ လုပ်သားများ၏ အလုပ်ရှင်များမှ ကုသမှုအတွက်၊ ပြန်လည်ထူထောင်ခြင်း သို့မဟုတ် ထိခိုက် ဒဏ်ရာကြောင့် ဝင်ငွေဆုံးရှုံးရသည့် အလုပ်သမားများ သို့မဟုတ် လုပ်ငန်းခွင် မတော်တဆ ထိခိုက်ခြင်းများကြောင့် နာမကျန်း ဖြစ်ရသူများအတွက်ငွေပေးချေရန်၊ နှင့်

၇) ILO ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်မာရေး သဘောတူညီချက်၊ ၂၀၀၁ (အမှတ် ၁၈၄) နှင့် ၎င်း၏ ပူးတွဲပါအကြံပြုချက်များ (အမှတ် ၁၉၂) အတည်ပြုလက်မှတ်ရေးထိုးရန်။

နေရာထိုင်ခင်း အခြေအနေများ

၁) စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများ၏ လူနေမှုဘဝ နှင့် လုပ်ငန်းခွင် အခြေအနေများအား စောင့်ကြည့်လေ့လာခြင်း အားဖြင့် အလုပ်သမားများမှ သင့်တော်သည့် စံနှုန်းများနှင့် ကိုက်ညီသည့် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှုကို သေချာစွာ ရရှိစေခြင်း။ အလုပ်ရှင် မြေပိုင်ရှင်များအား သင့်တော်သည့် နေရာထိုင်ခင်း စီစဉ်ထားရှိပေးရန်လိုအပ်ချက်တစ်ခု အဖြစ် ထားရှိခြင်း

ကျန်းမာရေးစောင့်ရှောက်ခွင့်အား လက်လှမ်းမီခြင်း

၁) ထိုင်းနိုင်ငံတွင် နေထိုင်ကြသည့် မည်သည့် နိုင်ငံသားဖြစ်စေ (သို့) တရားဝင်အခြေအနေမည်သို့ရှိသည်ဖြစ်စေ ရွှေပြောင်းလုပ်သားအားလုံးအတွက် အမျိုးသား ကျန်းမာရေးစောင့်ရှောက်ခွင့်အားရရှိနိုင် ရန်လုပ်ဆောင်ပေးခြင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ကျန်းမာရေးအာမခံရရှိရန် လုပ်ဆောင် သည့် လုပ်ငန်းစဉ်ကို အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက် လျှောက်ထားသည့် လုပ်ငန်းစဉ်မှ သီးခြားထားရှိပေးရန်

၂) ဆေးရုံများတွင် အသုံးများသည့် ရွှေပြောင်းလုပ်သား ဘာသာစကားများ အတွက် ဆေးပညာရပ်နှင့်ကျွမ်းဝင်သည့် ဘာသာပြန်များ ထားရှိပေးရန် နှင့်

၃) နယ်စပ်ဒေသများ ရှိ ဆေးရုံများတွင် ကျန်းမာရေး ကွင်းဆင်းလုပ်ဆောင်လှုပ်ရှား မှုများ လုပ်ဆောင်နိုင်ရန်တွက် ရန်ပုံငွေနှင့်အသုံးစရိတ်များအား တိုးပေးခြင်း အားဖြင့် ထိုနေရာများတွင် နေထိုင်ကြသည့် ရွှေပြောင်းလုပ်သားများ အပါအဝင် လူအားလုံး မှ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိစေခြင်း

ရွှေပြောင်းလုပ်သားများ၏ မိသားစုများ

၁) စိုက်ပျိုးရေးလုပ်သား ရွှေပြောင်အလုပ်သမားများ ရင်ဆိုင်နေရသော ၎င်းတို့၏ ကလေးများအားကျောင်းသို့ပို့ဆောင်ရန် အခက်အခဲရှိခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ငွေများကဲ့သို့သောလိုအပ်သော အထောက်အပံ့များ ကို ထိုင်းနိုင်ငံ၏ “အားလုံးအတွက်ပညာရေး” ရည်မှန်းချက် ပန်းတိုင်အား အကောင်အထည်ဖော်ရန်

၂) ရွှေပြောင်းလုပ်သားများ၏ မိသားစုဝင်များ အားလုံးနှင့် အထူးသဖြင့် သက်ကြီးရွယ်အိုများအနေဖြင့် အစိုးရ ကျန်းမာရေး စောင့်ရှောက်ခွင့်အား သေချာပေါက် လက်လှမ်း မီစေခြင်း

အလုပ်ရှင်များသို့ အကြံပြုချက်များ

အထောက်အထား စာရွက်စာတမ်းဆိုင်ရာ ကိစ္စရပ်များ

၁) ရွှေပြောင်းလုပ်သား အလုပ်သမားများမှ ၄င်းတို့၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထား/အခြေအနေအား ရရှိစေရန် နှင့် ထိန်းသိမ်းနိုင်ရန် အတွက် ကြိုးစားအားထုတ်ပြုလုပ်ရာတွင် ၄င်းတို့၏ လုပ်ခလစာမှ နှုတ်ယူခြင်းမပြုဘဲ ကုန်ကျစရိတ်အားလုံးကို အပြည့်အဝထောက်ပံ့ပေးရန်။

လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး

၁) ရွှေပြောင်းလုပ်သား အလုပ်သမားများ၏ လုံခြုံမှုအား ကာကွယ်ရန် OHS ကိုအမြင့်ဆုံးစံနှုန်းများဖြင့် အကောင်အထည်ဖော်ခြင်း၊ နှင့်

၂) ရွှေပြောင်းလုပ်သား အလုပ်သမားများအား လုပ်ငန်းခွင် ဘေးအန္တရာယ်များအား အသိပညာပေးခြင်း နှင့် လိုအပ်သည့် PPE နှင့် သင်တန်းများအား ထောက်ပံ့ပေးခြင်း

နေရာထိုင်ခင်း အခြေအနေများ

၁) စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများအား ပေးသည့် နေရာထိုင်ခင်းများသည် လုံခြုံရေး စံနှုန်းများ နှင့် ညီညွတ်ပြီး လျှပ်စစ်မီး၊ သန့်ရှင်းသောရေများ နှင့် သင့်လျော်သောသန့်ရှင်းရေး ကိုလည်း ထောက်ပံ့ပေးရန်၊ နှင့် လယ်ယာမြေများတွင် အသုံးပြုသည့် စိုက်ပျိုးရေးဓာတုပစ္စည်းများနှင့် တိုက်ရိုက်ထိတွေ့မှုမရှိစေရန်၊ နှင့်

၂) အကယ်၍ အလုပ်သမားများမှ ၎င်းတို့၏အိမ်နှင့် လုပ်ငန်းခွင် (ယာခင်းများ/စိုက်ပျိုးရေးခြံများ) အကြားသွားလာမှု လိုအပ်ပါက လုံခြုံသော အသွားအပြန် သယ်ယူပို့ဆောင်ခြင်းကို အခမဲ့ ထောက်ပံ့ပေးခြင်း

ကျန်းမာရေးစောင့်ရှောက်မှု

၁) ရွှေပြောင်းလုပ်သား အလုပ်သမားများအား SSS သို့မဟုတ် CMHI တွင် စာရင်းပေးသွင်း ပေးပြီး ဆက်စပ်ကုန်ကျစရိတ်များအား တာဝန်ယူပေးခြင်း

၂) ရွှေပြောင်းလုပ်သား အလုပ်သမားများအား SSS နှင့် CMHI နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို ပေးရန် နှင့် မည်သို့အသုံးပြုရမည် ကိုကူညီပေးရန်၊ နှင့်

၃) ရွှေပြောင်းလုပ်သား အလုပ်သမားများမှ နာမကျန်းဖြစ်ချိန်နှင့် ထိခိုက်ဒဏ်ရာရရှိသည့်အချိန် များတွင်အချိန်မီဆေးရုံသို့ ရောက်ရှိနိုင်စေရန် လွယ်ကူချောမွေ့အောင်ဆောင်ရွက်ပေးခြင်း နှင့် လစာဖြင့် နာမကျန်းခွင့်အား ပေးရန်

ရွှေပြောင်းလုပ်သားများ၏ မိသားစုများ

၁) ရွှေပြောင်း ကလေးငယ်များ ကျောင်းတက်ရောက်ခြင်းအား သယ်ယူပို့ဆောင်ရေး ထောက်ပံ့ပေးခြင်း အပါအဝင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးခြင်း

၂) ကလေးများအားလိုအပ်သော အထောက်အထားစာရွက်စာတမ်းနှင့်မှန်ကန်စွာ ကျောင်းအပ်စရင်းသွင်းနိုင်စေရန် သေချာစွာလုပ်ဆောင်ပေးရန်၊ နှင့်

၃) ရွှေပြောင်းအလုပ်သမားများနှင့် ၄င်းတို့၏မှီခိုသူများအား ဒေသခံလူဆိုးဂိုဏ်းများ သို့မဟုတ် ရိုင်းစိုင်းသော လူငယ်များ၏ နှောင့်ယှက်ခြင်းမှ ကာကွယ်ရန်

ထိုင်းနိုင်ငံ၊ ဖန်ံရှ် ဆီအုန်းစိုက်ခင်းမှနေထိုင်လုပ်ကိုင်နေသောရွှေပြောင်းအလုပ်သမားများ (ပုံ – Foundation of Education and Development)

မူရင်းနိုင်ငံအစိုးရများသို့ အကြံပြုချက်များ

အထောက်အထား စာရွက်စာတမ်းဆိုင်ရာ ကိစ္စရပ်များ

၁) ထိုင်းနိုင်ငံတော်ဝင်အစိုးရနှင့် ညှိနှိုင်းပြီး အပြုသဘောဆောင်လုပ်ဆောင်ခြင်းဖြင့် ရွှေပြောင်းသွားလာခြင်း လုပ်ငန်းစဉ်များ လွယ်လူစေပြီး ပေးဆောင်ရသည့် အခကြေးငွေများအား အနည်းဆုံးနှုန်းထားဖြစ်စေခြင်း

လုပ်ငန်းခွင်အခြေအနေများ

၁) ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသော ၄င်းတို့၏နိုင်ငံသားများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်ပေးရန် အတွက် အလုပ်သမားသံအရာရှိများကို ထောက်ပံ့ပေးခြင်း

နေရပ်ပြန်ခြင်း နှင့် ပြန်လည်ပေါင်းစည်းခြင်း

၁) NSSF နှင့် SSB များအား ပိုမို လွှမ်းခြုံနိုင်ရန် လက်ရှိ ကြိုးစားနေမှုများအား မြှင့်တင်ရန်၊ လူမှုဖူလုံရေးလွှဲပြောင်းအကျိုးခံစားခွင့်ရရှိရန်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား နေရပ်ပြန်ရွှေပြောင်း လုပ်သားများအား ဝေမျှရန်၊ နှင့်

၂) နေရပ်ပြန် ရွှေပြောင်းလုပ်သားများအား အလုပ်ရှာဖွေခြင်း နှင့် ထိုင်းနိုင်ငံမှ ရရှိလာသည့် ငွေများနှင့် ကျွမ်းကျင်မှုများအား အသုံးချနိုင်မည့် ကိုယ်ပိုင်စီးပွါးရေး ထူထောင်သည့် ကိစ္စရပ်များတွင် အထောက်အပံ့များ ပေးအပ်ခြင်း

NGO များသို့ အကြံပြုချက်များ

လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး

၁) ပိုမိုကျယ်ပြန့်သည့် ကွင်းဆင်းခြင်းများအား လုပ်ဆောင်ခြင်းအားဖြင့် ဝေးလံသော နေရာများရှိ စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများအား OHS ဆိုင်ရာ အသိပညာ မြှင့်အင်ပေးခြင်း နှင့် PPE အသုံးပြုမှုအား မြှင့်တင်ခြင်း၊ နှင့်

၂) ဘေးအန္တရာယ်ရှိသော ပိုးသတ်ဆေးများ အားလျော့ချအသုံးပြုခြင်း/သုံးစွဲခြင်းအား တားမြစ်ခြင်းအား စည်းရုံးလှုံ့ဆော်ခြင်း၊ နှင့် စိုက်ပျိုးရေး ရွှေပြောင်းလုပ်သားများအား အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများနှင့် သက်ဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများနှင့် ကုသမှုများအတွက် သွေးစစ်ဆေးခြင်းကိုလွယ်ကူချောမွေ့စေခြင်း

အင်္ဂလိပ်ဘာသာ နှင့် မြန်မာဘာသာဖြင့် အစီရင်ခံစာအပြည့်အစုံကိုဖတ်ရှုရန် –

SCAN ME

Mekong Migration Network (MMN)

မဲခေါင်ရွှေပြောင်းသွားလာခြင်းဆိုင်ရာကွန်ယက် (MMN) သည် မဲခေါင်ဒေသခွဲများဖြစ်သည့် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် အစရှိသည့်နိုင်ငံများ နှင့် တရုပ်တောင်ပိုင်းဒေသများ ရှိရွှေပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန် နှင့် ပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်ပေး နေသည့် လူထုအခြေပြုအဖွဲ့အစည်းများ၏ ဒေသခွဲကွန်ယက်ဖြစ်သည်။

Hong Kong Secretariat Office
c/o Asian Migrant Centre 4 Jordan Road,
Jordan, Kawloon, HONG KONG
Tel: + 852 23120031

www.mekongmigration.org
Email: info@mekongmigration.org

Chiang Mai Secretariat Office
c/o Foundation for Migration from the Mekong Neighbourhood
156/118 Moo 10, Canal Road,
T. Suthep, A. Muang, Chiang Mai
50200 THAILAND
Tel: + 66 (53) 283259